ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
အမျိုးသားညီညွတ်ရေးအစိုးရ
သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

ထုတ်ပြန်ကြေညာချက် (၁၄ /၂၀၂၁)
၂၀၂၁ ခုနှစ်၊ ဩဂုတ်လ (၃၁) ရက်

# အကြမ်းဖက်စစ်ကောင်စီ လက်အောက်ခံ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၏ ဝန်ထမ်းအသစ်များခန့်ထားမှုနှင့် ရာထူးတိုးမြှင့်မှုများမှာ တရားမဝင်ကြောင်း ထုတ်ပြန်ကြေညာချက်

၁။ အိမ်စောင့်အစိုးရအမည်ခံ အကြမ်းဖက်စစ်ကောင်စီအား အကြမ်းမဖက်ဖီဆန်တော်လှန်သည့်လှုပ်ရှားမှု (Civil Disobedience Movement- CDM) တွင် ပါဝင်လျက်ရှိသည့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနမှ ပြည်သူ့ဝန်ထမ်းကောင်း တစ်ဦးချင်းစီအား မိမိတို့ဝန်ကြီးဌာနအနေဖြင့် အသိအမှတ်ပြု မှတ်တမ်းတင်ထားရှိခဲ့ပြီးဖြစ်သလို အလေးအနက် ဂုဏ်ပြုကြောင်း ထပ်မံ ဖော်ပြအပ်ပါသည်။

၂။ ထိုကဲ့သို့ ပြည်သူ့ဝန်ထမ်းကောင်းများက CDM လှုပ်ရှားမှုတွင် အရှိန်အဟုန်ဖြင့် ပါဝင်လျက်ရှိခြင်းကြောင့် အကြမ်းဖက်စစ်ကောင်စီလက်အောက်ခံ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန၏ စီမံခန့်ခွဲမှုယန္တရားများ ကောင်းစွာလည်ပတ်နိုင်မှုမရှိခြင်းကြောင့် အဆိုပါယန္တရားများ ပြန်လည်လည်ပတ်စေရေးအတွက် လစ်လပ်သွားသော CDM ဝန်ထမ်းများနေရာတွင် ဝန်ထမ်းအသစ်များ ခန့်ထားခြင်း၊ Non-CDM ဝန်ထမ်းများအား ရာထူးတိုးမြှင့်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါသည်။

၃။ အကြမ်းဖက်စစ်ကောင်စီ၏ အုပ်ချုပ်ရေးယန္တရားများပြန်လည် လည်ပတ်နိုင်ရေးအတွက် ကြိုးပမ်းလျက်ရှိသည့် စစ်ကောင်စီလက်အောက်ခံ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာန/လုပ်ငန်း/တက္ကသိုလ်တို့မှ ဝန်ထမ်းအကြီးအကဲများနှင့် အရာထမ်းများအား အမည်ပျက်စာရင်း (Blacklist) သွင်းခဲ့ပြီး ၎င်းတို့၏ ရာထူးတည်ရှိမှု အပါအဝင် ဝန်ထမ်းဆိုင်ရာ ခံစားခွင့်၊ ရပိုင်ခွင့်များကို ပြည်သူ့အစိုးရက လုံးဝအသိအမှတ်ပြုမည်မဟုတ်ကြောင်း ဤဝန်ကြီးဌာန၏ ထုတ်ပြန်ကြေညာချက်များဖြစ်သည့် ကြေညာချက်အမှတ် (၃/၂၀၂၁) မှ (၁၂/၂၀၂၁) အထိဖြင့် အသိပေး ထုတ်ပြန်ပြီးဖြစ်သည်။ ထို့အပြင် အခြားသော Non-CDM ဝန်ထမ်းများကိုလည်း ၎င်းတို့၏ လုပ်ရပ်များဖြစ်သည့် စစ်ကောင်စီ၏လုပ်ငန်းလည်ပတ်မှုယန္တရားတွင် ပါဝင်မှုနှင့် CDM ဝန်ထမ်းများအား ဖိနှိပ်မှုလုပ်ရပ်များ အလိုက် မှတ်တမ်းတင်ထားရှိလျက် ရှိပါသည်။

၄။ ထို့ကြောင့် အကြမ်းဖက်စစ်ကောင်စီလက်အောက်ခံ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက ဆောင်ရွက်လျက်ရှိသည့် ဝန်ထမ်းအသစ်ခန့်ထားခြင်းနှင့် ရာထူးတိုးမြှင့်ခြင်းတို့မှာလည်း လုံးဝ တရားဝင်မှုမရှိပါကြောင်းနှင့် ပြည်သူ့အစိုးရအနေဖြင့် အဆိုပါကိစ္စများအားအသိအမှတ်ပြုလက်ခံခြင်း မရှိသည့်အပြင် အလုပ်လျှောက်ထားသူများကိုလည်း မှတ်တမ်းတင်ထားရှိပြီး နောင်အနာဂတ်တွင် ပြည်သူ့အစိုးရက ဝန်ထမ်းများခေါ်ယူခန့်ထားရာ၌ ၎င်းတို့အား လုံးဝ ထည့်သွင်းစဉ်းစားမည်မဟုတ်ကြောင်း အသိပေး ကြေညာလိုက်သည်။

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
အမျိုးသားညီညွတ်ရေးအစိုးရ